# ၆-သေခိယသိက္ခာပုဒ်များကို သင်ပြခန်း

**သေခိယခေါင်းပုံ။** ။"သေခိယ" ဟူသော ပါဠိစကားသည် "သင်ထိုက်၊ ကျင့်ထိုက်" ဟူသော အနက်ကို ဟော၏၊ "ယခုပြမည့် ကျင့်ဝတ်များကို ရဟန်းတော်များနှင့် ရှင်သာမဏေများပါ နားလည်အောင် ဆရာ့အထံ၌ ပဌမဆုံး သင်ယူရမည်၊ နားလည်သောအခါ ထိုသိက္ခာပုဒ်များအတိုင်း ကျင့်ရမည်" ဟု ဆိုလိုသည်၊ ထို့ကြောင့် ဤသေခိယသိက္ခာပုဒ်တော်များကို ရှင်သာမဏေတို့အား အရကျက်ရုံမျှဖြင့် ကိစ္စမပြီးစေဘဲ အမှန်နားလည်အောင် ဆရာကိုယ်တိုင် လက်ထပ်သင်ပြထိုက်ပါသည်။

**တိုက်တွန်းချက်။** ။ယခု ခေတ်သည် ရွေးချယ် စိစစ်လေ့ရှိသော ခေတ်ဖြစ်၏၊ ဤခေတ်မျိုး၌ ရဟန်း သာမဏေများသည် သေခိယကျင့်ဝတ်အတိုင်း သွားလာ နေထိုင်ကြမှသာ လူအများ၏ လေးစားခြင်းကို ဆက်လက်ရရှိကြပေလိမ့်မည်၊ ဤအတိုင်း မနေကြလျှင်ကား ကောန်မုချ အထင်သေး ခံကြရမည်သာ မက၊ လောကီဘက်က တိုးတက်လာသလောက် သာသနာဘက်က တဖြည်းဖြည်း ဆုတ်ယုတ်ပြီးလျှင် နှစ်ပေါင်းအတော်ကြာသော် အောက်တန်းလူများ၏ ကိုးကွယ်ရာလောက်သာ ဖြစ်သွားစရာ ရှိပါသည်၊ ထို့ကြောင့် မိမိတို့ အခြေ အနေကို ခိုင်မြဲစေဘို့ရန် အချိန်မလွန်ခင်က ဤ သေခိယသိက္ခာပုဒ်အတိုင်း ပြင်ဆင်ကြပါစို့။